DHAMMAVIJJALAYA
2545 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၆)

# ဘဝအရေး စိတ်အေးရလေအောင်

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၂ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော်(၄)ရက်၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မလွှကုန်း ဈေးကွက်(က)ရပ်ကွက်၊ သူဌေးလမ်း မိသားစုက (၈)နှစ်မြောက် ဝါတွင်း ဝါပ ဆွမ်းလောင်း အလှူတော်ပွဲနှင့် စပ်လျဉ်း၍ ဆင္ဍမအကြိမ်မြောက် ဆင်ယင် ကျင်းပပြုလုပ်အပ်သည့် ဓမ္မပူဇာ ဓမ္မသဘင် အခမ်းအနားဝယ် ဟောကြားအပ်သော ''ဘဝအရေး စိတ်အေးရလေအောင်'' တရားဒေသနာတော်။

* * *

## ဘဝအရေး စိတ်အေးရလေအောင်

ဘုန်းကြီးတို့ ဒီကနေ့ ဘဝအရေး စိတ်အေးရလေ အောင် ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ကြည့်။ လူတိုင်း လူတိုင်းဟာ ဘဝရ,ထားလို့ ဘဝအရေးမှာ စိတ်အေး ကြရပြီလား? ဘဝအရေး စိတ်အေးဖို့ ဘာတွေလိုအပ် သလဲ? ဗုဒ္ဓမြတ်စွာက လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ က ဟောကြားထားတဲ့ တရားဓမ္မတွေရှိတယ်။ ဘဝတစ်ခု ရ,ထားတဲ့ ပုဂ္ဂိုလ်တွေ ဘဝအရေး စိတ်အေးဖို့ ဘာ လုပ်ရမလဲဆိုတာ မှန်ကန်တဲ့နည်းလမ်းကို ချမှတ်ပြီး တော့ ဟောပြောထားတာရှိတယ်။

သို့သော် လောကမှာရှိတဲ့ လူသားတွေကတော့ ဘဝအရေးစိတ်အေးဖို့ဆိုတာ တခြားနည်းနဲ့ပဲ တွေးပြီး တော့ လုပ်ဆောင်ထားလေ့ရှိကြတယ်။ စီးပွားဥစ္စာတွေ ပြည့်စုံတယ်၊ နေစရာထိုင်စရာတွေ အကုန်ပြည့်စုံတယ်၊ လိုလေသေးမရှိအောင် ပြည့်စုံတဲ့ဘဝတစ်ခု ရရှိထားပြီ ဆိုရင် လူတွေကပြောကြတယ်၊ ဘဝအရေးတော့ စိတ် အေးရပြီတဲ့၊ တကယ်ကော စိတ်အေးရတာ ဟုတ်ရဲ့ လား။

မရှိတဲ့လူကလည်း စိတ်မအေးရဘူး၊ ရှိတဲ့လူက လည်း စိတ်မအေးရဘူး။ ဒါဖြင့် စိတ်အေးရတယ် စိတ် မအေးရဘူးဆိုတာ ရှိမရှိနဲ့ သက်ဆိုင်ရဲ့လား၊ မသက် ဆိုင်ဘူး၊ ပိုက်ဆံချမ်းသာတဲ့လူကလည်း စိတ်အေးရတာ မဟုတ်ဘူး၊ ဆင်းရဲတဲ့ပုဂ္ဂိုလ်ကလည်း စိတ်အေးရတာ မဟုတ်ဘူး။

ဘဝသံသရာခရီးကို လျှောက်တဲ့အခါမှာ ဒီဘဝ နောင်ဘဝဆိုတာ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ လူတွေဟာ မိမိတို့ ဒီဘဝမှာရှိနေကြတယ်၊ ဒါကိုတော့ လူတိုင်းလက်ခံကြတယ်။ နောင်ဘဝ ရှိတယ် မရှိဘူး ဆိုတာကိုတော့

လူတိုင်း လက်မခံဘူးပေါ့။ သို့သော် လည်း ဒီ ဘဝအရေးစိတ်အေးရတဲ့ ပုဂ္ဂိုလ်တွေကော ရှိရဲ့လား ဆိုလို့ရှိရင် မရှိနိုင်ဘူးပေါ့။ လုံးဝစိတ်အေးရပြီ လို့ ပြောတဲ့ပုဂ္ဂိုလ်က တကယ်ကော စိတ်အေးရတာ ဟုတ်ရဲ့လား၊ မဟုတ်ဘူး။ သို့သော် လူတွေကတော့ ပြောကြတယ်၊ ဘဝအရေး စိတ်အေးရပြီတဲ့။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ရဲ့ ဟော ပြောချက်က လောကလူသားတွေရဲ့အမြင်နဲ့ တလွဲစီပဲ ဖြစ်တာများတယ်။ ဘဝအရေး စိတ်အေးဖို့ ဆိုတဲ့ အကြောင်းအခြင်းအရာနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ''သံယုတ္တနိကာယ် အာဋ္ဌဝကသုတ္တန်'' မှာ ဟောထားတာရှိတယ်။

အာဋ္ဌဝက သုတ္တန်

အာဋ္ဌဝက ဆိုတာ အားလုံးသိကြတဲ့အတိုင်းပဲ၊ ယက္ခလို့ခေါ်တဲ့ အင်မတန်ကြမ်းတမ်းတဲ့ ဘီလူးကြီး တစ်ကောင်။ သို့သော် ဒီကနေ့ အာဋ္ဌဝကဟာ ထိုကဲ့သို့ ကြမ်းတမ်းတဲ့ပုဂ္ဂိုလ် မဟုတ်တော့ဘူး။ ဗုဒ္ဓမြတ်စွာရဲ့ တရားဓမ္မကို နာယူပြီးတဲ့အခါမှာ အင်မတန်မှ လိမ္မာ ယဉ်ကျေးတဲ့ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားပြီ။ ပယောဂ ဆရာတွေက အာဋ္ဌဝကမှော်သွင်းတယ် ဆိုပြီးတော့ ကြမ်းပြနေကြတုန်းပဲ ရှိသေးတယ်။

တကယ်တော့ စာလာပေလာ အာဋ္ဌဝကဆိုရင် ကြမ်းစရာရှိပါဦးမလား။ သောတာပန် ဖြစ်သွားရင် တော့ အာဋ္ဌဝကဟာ ကြမ်းတဲ့ပုဂ္ဂိုလ် မဟုတ်တော့ဘူး၊ အင်မတန် လိမ္မာယဉ်ကျေးသွားပြီ၊ သူက ဘာပြောခဲ့ တုန်းဆိုရင်-

''သော အဟံ ဝိစရိဿာမိ၊

ဂါမာ ဂါမံ ပုရာ ပုရံ၊

နမဿမာနော သမ္ဗုဒ္ဓံ၊

ဓမ္မဿ စ သုဓမ္မတံ''